# မာတိကာ


| | |
|---|---|
| ပါရဂူ၏ အမှာစကား | ၅ |
| နိဒါန်း | ၇ |
| အနုမောဒနကထာ | ၉ |
| **အတွေးအမြင်–၁** | |
| ဗေဒင်ယုံကြည်မှု သတိပြုဖွယ် | ၁၉ |
| **အတွေးအမြင်–၂** | |
| ယတြာနှင့် ကံကြမ္မာ | ၂၉ |
| **အတွေးအမြင်–၃** | |
| တောင်ပြုန်းပွဲနှင့် တိခနံ | ၄၁ |
| **အတွေးအမြင်–၄** | |
| ဘိုးတော်ရုပ်နှင့် လူမျိုးများ | ၅၃ |
| **အတွေးအမြင်–၅** | |
| အတ္တလက်ညှိုး ဆိုးကျိုးအနန္တ | ၆၃ |
| **အတွေးအမြင်–၆** | |
| နေကြည့်စမ်းပါ သူ့နေရာ | ၇၂ |
| **အတွေးအမြင်–၇** | |
| လူသာမည်၍ လူမပီသလျှင် | ၈၁ |
| **အတွေးအမြင်–၈** | |
| ဒါနအကျိုးထက် သာသနာ့အကျိုးကိုကြည့်ပါ | ၉၀ |
| **အတွေးအမြင်–၉** | |
| အချိန်အခါကို လိမ္မာစွာသုံးပါမှ | ၁၀၂ |
| **အတွေးအမြင်–၁၀** | |
| အနှစ်နှင့် အကာ | ၁၁၂ |
| **အတွေးအမြင်–၁၁** | |
| နာတာရှည် ရောဂါသည် | ၁၂၃ |
| **အတွေးအမြင်–၁၂** | |
| သာသနာ မြန်မာမှာ ရှည်စေဖို့ | ၁၃၂ |
| **အတွေးအမြင်–၁၃** | |
| **မျက်လုံးစိမ်းဖြင့် မကြည့်ပါနှင့်** | **၁၄၃** |
| **အတွေးအမြင်–၁၄** | |
| **တစ်ခါက ဆရာဒကာ** | |
| **သာသနာ ဘယ်လိုပြုခဲ့ကြသလဲ** | **၁၅၁** |

# ပါရဂူ၏ အမှာစကား

'ဓမ္မ'သည် ကြေးဆင်းတုတစ်ဆူနှင့်တူသည်။ ဘုရား တန်ဆောင်း ထဲတွင် ကိုးကွယ်ထားသော ကြေးဆင်းတုတစ်ဆူသည် နှစ်ရှည်လများ ရှည်ကြာလာခဲ့ပြီဖြစ်၍ ဖုန်မှုန့်များ၊ ချေး(ဂျီး)များ ကပ်နေသောကြောင့် အရောင်မှိန်နေပြီး ဝင်းလက်တောက်ပခြင်းမရှိပေ။ ဘုရားသွား ကျောင်းတက်များလည်း အလာနည်းသဖြင့် ကြေးဆင်းတုသည် ရောင်တော်ဖွင့်သူများနှင့် ကင်းကွာနေသည်။ ရောင်တော်ဖွင့်သူ တစ်ဦးတစ်ယောက် ပေါ်ပေါက်လာပြီး ရောင်တော်ဖွင့်မှ ကြေးဆင်းတု အရောင်တောက်လာမည်။ ကြေးဆင်းတုတော်တွင်ကပ်နေသော ပင့်ကူအိမ်များကို သန့်စင်ပြီး ချေး(ဂျီး) များ ဖုန်မှုန့်များကို ကြေးချွတ်ဆေးဖြင့်ချွတ်ပစ်မှ ဥပါသကာ ဥပါသိကာမများအား အကြည်ညိုပွားသည်ထက်ပွားစေသော ကြည်ညိုဖွယ် သပ္ပာယ်တော်မူသည့် ဆင်းတုတော်တစ်ဆူဖြစ်လာမည်။

ကြေးဆင်းတုနှင့်တူသော 'ဓမ္မ'သည်လည်း နှစ်ပေါင်း ၂၅၀၀ ကျော်လာခဲ့ပြီဖြစ်၍ 'ဓမ္မ' ရောင်ခြည်သည် အဆီးအတား အကာအရံလိုဖြစ်နေသော နှင်းများမြူများ၏ကြားထဲက တိုးထွက်ဖို့ကြိုးစားအားထုတ်နေရသည်။ ဓမ္မရောင်ခြည် မလင်းလက်နိုင်အောင် ဟန့်တားထားသော မြူနှင်းများမှာ အဓမ္မများ၊ ဓမ္မအနှစ်သာရနှင့်ဆန့်ကျင်ဖက် အကာအရံများ၊ ဓမ္မမျက်နှာဖုံးစွပ်ထားသော ဓလေ့ထုံးစံများ၊ အယူဟောင်း အယူဆွေးများ၊ အယူစွဲခြင်း အယူသည်းခြင်းများဖြစ်ကြသည်။



ယင်းမြူနှင်းများသည် ဓမ္မရောင်ခြည်လင်းလက်မလာအောင် ကြိုးစားကြသည်။ ဓမ္မရောင်ခြည် မှိန်နေအောင်လုပ်ကြသည်။ ဓမ္မမီးသီးကို အရောင်မထွက်နိုင်အောင် စက္ကူစိမ်း၊ စက္ကူနီ၊ စက္ကူပြာ ထူထူများဖြင့် ဖုံးအုပ်ထားကြသည်။ ပတ်ထားကြသည်။ ဓမ္မကို မိုးတိမ်ထဲက လလို၊ နေလို ဖြစ်နေအောင် ဖန်တီးထားကြသည်။

အရောင် ညစ်ထပ်ထပ်ဖြစ်နေသော၊ ချေး(ဂျီး)တွေ ဖုန်မှုန့်တွေ ကပ်နေသော၊ ပင့်ကူအိမ်တွေ တွယ်နေသော၊ ကြေးဆင်းတုကို ရောင်တော်ဖွင့်ပေးသော၊ ကြေးချွတ်ပေးသော စေတနာရှင်များပေါ်ပေါက်လာသကဲ့သို့ပင် 'ဓမ္မ'ကို အရောင်တင်ပေးသော၊ အကာဖယ်ပြီး အနှစ်ထုတ်ပေးသော "ဓမ္မစစ်စစ်ဆိုတာ ဟောတာပါ၊ ဗုဒ္ဓဘာသာစစ်စစ်ဆိုတာ ဟောတာပါ"ဟု ကြေညာသော ဓမ္မစာရီ၊ ဓမ္မစာရီစစ်စစ်များလည်း ပေါ်လာလေ့ရှိသည်။ ဓမ္မစာရီ၊ ဓမ္မစာရီစစ်စစ်တို့၏ 'ကြေးချွတ်ဆေး'သည် ဓမ္မစစ်စစ်ကို မီးမောင်းထိုးပြသော 'ဓမ္မစာအုပ်' များဖြစ်သည်။ ပန်းဒကာ ကိုတင်မြင့်၏ **"ဗုဒ္ဓဘာသာ အရေး ဓမ္မဒဿနအတွေးအမြင်များ"** စာအုပ်သည်လည်း 'ဓမ္မ'၏ရောင်တော်ဖွင့် 'ကြေးချွတ်ဆေး' တစ်လက် ဖြစ်ကောင်းဖြစ်လိမ့်မည်။

ပါရဂူ
၈၊ ၂၊ ၂၀၀၃

# နိဒါန်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ထေရဝါဒ ဗုဒ္ဓဘာသာ ထွန်းကားသော နိုင်ငံတော်ဖြစ်ပါသည်။ မြန်မာပြည်သူပြည်သားများ သည် ဗုဒ္ဓရှင်တော်မြတ်ဘုရား၏အဆုံးအမတော်များကို ဦးထိပ် ပန်ဆင် လိုက်နာကြပါသည်။ မြန်မာ့ယဉ်ကျေးမှု၏မဏ္ဍိုင်သည် ဗုဒ္ဓဘာသာယဉ်ကျေးမှုများသာ ဖြစ်ပါသည်။ မြန်မာတို့သည် ဗုဒ္ဓဘာသာကို အစောဆုံး ကိုးကွယ်ကြသူများဖြစ်သည်ဟု ဂုဏ်ယူထား ကြပါသည်။ ပုဂံခေတ်အနော်ရထာမင်းကြီးလက်ထက်မှစ၍ စစ်မှန် စင်ကြယ်သော ထေရဝါဒဗုဒ္ဓဘာသာသည် မြန်မာ့လူ့ဘောင်တွင် အမြစ်တွယ်ခဲ့ပါသည်။ သာသနာ့ဒါယကာ မြန်မာမင်းအဆက်ဆက်တို့၏ အားပေးချီးမြှောက်မှု, မြန်မာပြည်သားတို့၏ နက်ရှိုင်းစွာ သက်ဝင် ယုံကြည် ကိုးကွယ်မှု, ဘုရားသားတော် သံဃာတော်များ၏ အသက်ထက်မက မြတ်နိုးကြိုးပမ်းအားထုတ်လျက် သာသနာ့တာဝန် ထမ်းဆောင်မှုတို့ကြောင့် ယနေ့ထက်တိုင် ကမ္ဘာတွင် သာသနာ အထွန်းတောက်ဆုံးနိုင်ငံအဖြစ် ရပ်တည်နေပါသည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံက ကြိုးပမ်းနေသကဲ့သို့ ယဉ်ကျေးမှု ဘာသာစာပေတို့ ထွန်းကားတိုးတက်ရေးအတွက်လည်း စာပေဆုအမျိုးမျိုးချီးမြှင့်ကာ အားထုတ်လျက်ရှိပါသည်။ နိုင်ငံတော်အစိုးရနည်းတူ ဗုဒ္ဓဓမ္မစာပေများကို ဆုပေး ချီး



မြှင့်အားပေးမှုမျိုးပြုလုပ်လျှင် ဗုဒ္ဓသာသနာတော်သည် အတိုင်းထက် အလွန်စည်ပင်ပြန့်ပွား ထွန်းကားလာလိမ့်မည်ဟု ယုံကြည်သဖြင့် ဒေါက်တာ ဒေါ်ခင်ခင်ရီသည် ဓမ္မဗိမာန်စာပေဆုကို တီထွင်ဖော်ထုတ်ချီးမြှင့်ရန် ဆရာတော်ဦးသာသနကို လျှောက်ထားလာပါသည်။ ဆရာတော်သည် ဒကာမကြီး၏ စေတနာနှင့် သဒ္ဓါကို ကျေနပ်အားရဖြစ်တော်မူပြီး ဓမ္မဗိမာန်စာပေပြိုင်ပွဲ ကျင်းပရေး ကော်မတီ တစ်ရပ်ကို ဖွဲ့စည်းပေးခဲ့ပါသည်။ ထိုကော်မတီက နိုင်ငံအဝန်း ပညာရှင်များထံမှ ဓမ္မစာပေများကို ဘာသာရပ်အလိုက် ခွဲခြား ဖိတ်ခေါ်ခဲ့ရာ စာမူပေါင်း ၄၀ လက်ခံရရှိခဲ့ပါသည်။

ထိုစာမူများနှင့်အတူ ၂၀၀၂ ခုနှစ်ထုတ် ဘာသာရေးစာအုပ်များကိုပါ ဆုရွေးချယ်ရန် စုဆောင်းခဲ့ရာ စာအုပ်ပေါင်း ၁၀၀ ကျော် ရရှိခဲ့ပါသည်။ ထိုစာမူများနှင့်စာအုပ်များကို ဓမ္မဗိမာန်စာပေ ပညာရှင်ကြီးများက အဖွဲ့ ငါးဖွဲ့ခွဲ၍ ဖတ်ရှုသုံးသပ်ခဲ့ပါသည်။ တစ်လလျှင် တစ်ကြိမ်နှုန်းဖြင့် ငါးကြိမ်တိတိ ညှိနှိုင်းစည်းဝေးပွဲများ ကျင်းပကာ အကောင်းဆုံးစာအုပ်နှင့် အဆင့်မီသော စာမူများကို ရွေးချယ်ဆုံးဖြတ်ခဲ့ပါသည်။ ထေရဝါဒဗုဒ္ဓဘာသာအတွက် အကျိုးများမည့်စာမူနှင့် စာအုပ်များကို ရွေးချယ်ပြီးနောက် စာမူများကို စာအုပ်များအဖြစ် ထုတ်ဝေရန်စီစဉ်ခဲ့ရာ "ပန်းဒကာကိုတင်မြင့်၏ ဗုဒ္ဓဘာသာအရေး ဓမ္မဒဿန အတွေးအမြင်များ"စာအုပ်သည် ဓမ္မဗိမာန် စာမူပြိုင်ပွဲ၏ ပွဲဦးထွက် လက်ရာ ဖြစ်လာပါသည်။

ယင်းစာမူကို ထေရဝါဒ ဗုဒ္ဓသာသနာတော်ကြီး ကမ္ဘာအရပ်ရပ်တွင် ထွန်းကားစေလိုသည့် မွန်မြတ်သောဆန္ဒဖြင့် ပြည်သူတို့ထံ တင်ဆက်အပ်ပါသည်။

ဓမ္မဗိမာန်

**နမော ဝိဘဇ္ဇဝါဒိနော အနန္တဇိနဿ**

## အတွေးအမြင်—၁

# ဗေဒင်ယုံကြည်မှု သတိပြုဖွယ်

သံချေးအထပ်ထပ်ကပ်နေသော သံတိုသံစတို့သည် ဆွဲအားအလွန်ကောင်းသော သံလိုက်တုံးကြီး၏အနီး၌ရောက်နေကြပါသော်လည်း မည်သည့် အခါမျှ ပူးကပ်ခွင့်မရကြလေသကဲ့သို့ ဘာသာရေးအတွေးအမြင်မကြည်လင်ကြကုန်သောသူတို့သည်လည်း ဗုဒ္ဓသာသနာတော်ကြီးတည်းဟူသော သံလိုက်တုံးကြီး၏အနီး၌ (သာသနာအတွင်း၌) ဆရာအဖြစ်ဖြင့်လည်းကောင်း၊ ဒကာအဖြစ်ဖြင့်လည်းကောင်း လက်ပွန်းတတီး နေထိုင်ကြရပါသော်လည်း ထို ဗုဒ္ဓသာသနာတော်မြတ်ကြီး၏ ဓမ္မအဆီအနှစ် (သံလိုက်ဓာတ်)တို့ကို ခံစားပူးကပ်ခွင့်ရလိမ့်မည်မဟုတ်ပါ။

အဘယ့်ကြောင့်ဆိုသော် အချို့သောလူသားတို့သည် ဗုဒ္ဓရှင်တော်မြတ်ဘုရား ဟောကြားတော်မူခဲ့သော လူတို့ကြီးပွားချမ်းသာကြောင်း တရားကောင်းတို့ကို လိုက်နာကျင့်သုံးရမှန်း မသိကြပါဘဲလျက် ဗေဒင် ဆရာတို့တွက်ပေးလိုက်ကြသော ဟောစာတမ်းများကိုသာ အခြေပြု၍ ဒါနမှ စသည်တို့ကို ယတြာပြုသကဲ့သို့ လုပ်ကိုင်ဆောင်ရွက်နေကြသောကြောင့်ပင်ဖြစ်ပါသည်။

ကောင်းမှုတစ်ခုကို ပြုကြရာဝယ် 'ဇာတာကိန်းဂဏန်း(ကိန်းခန်း)



ကြောင့် ကောင်းမှုကုသိုလ် မပြုလုပ်ရ'ဟု မဆိုလိုပါ။ သို့ပါသော်လည်း 'လူဖြစ်သောဘဝ၌ စင်ကြယ်သောကောင်းမှု ဘယ်လောက်ပြုထားပြီလဲ'ဟု မေးလျှင် ဗေဒင်ကြောင့်ပြုရသောဒါနက များနေကြပါသော် ဤရှင်တော်မြတ်ဘုရားသာသနာတော်နှင့်တွေ့ရသည်မှာ ဘာများအဓိပ္ပာယ်ရှိပါချေတော့မည်နည်း။

ကျွန်ုပ်တို့အနေနှင့် ဗေဒင်ပညာကို အပြစ်ဆိုစရာ အကြောင်းမရှိပါ။ ဗေဒင်ပညာသည် ရှင်တော်ဗုဒ္ဓ ပွင့်တော်မမူမီ ခေတ်စောကာလကပင်တည်ရှိထွန်းကားနေပြီးဖြစ်သောကြောင့် သမိုင်းသက်တမ်းရှည်သော ဂုဏ်အင်္ဂါလက္ခဏာများ ထင်ရှားလျက်ရှိပါသည်။ ရှင်တော်ဗုဒ္ဓ အလောင်းတော်ပဋိသန္ဓေနေတော်မူစဉ်ကပင် မိခင်ဖခင်တို့က ဗေဒကဝိပညာရှိတို့နှင့်တိုင်ပင်ကာ 'ဂဗ္ဘကရဏ မင်္ဂလာ' ပြုလုပ်ခဲ့ကြသည် မဟုတ်ပါလော။

ထို့ပြင် အလောင်းတော်မင်းသား ဖွားမြင်တော်မူသောအခါ၌ 'ဇာတမင်္ဂလာ'၊ သိဒ္ဓတ္ထဟု အမည်ပေးသောအခါ၌ 'နာမကရဏ မင်္ဂလာ'၊ ပုခက်တင်သောအခါ၌ 'ဒေါဠာကရဏ မင်္ဂလာ'၊ ထမင်းခွံ့သောအခါ၌ 'အာဟာရပရိဘောဂ မင်္ဂလာ'၊ ကွမ်းခွံ့သောအခါ၌ 'တမ္ဗူလဘတ္တ မင်္ဂလာ'၊ ဆံသသောအခါ၌ 'ကေသစ္ဆေဒန မင်္ဂလာ'၊ နားသသောအခါ၌ 'ကဏ္ဏဝိဇ္ဈန မင်္ဂလာ'၊ ရတနာများစီခြယ်ထားသော အဝတ်ပုဆိုးကို ဝတ်ဆင်သောအခါ၌ 'ဒုဿဂဟန မင်္ဂလာ'၊ အိမ်သစ်(ထီးသစ် နန်းသစ်) တက်သောအခါ၌ 'ဂေဟကရဏမင်္ဂလာ'၊ ထိမ်းမြားလက်ထပ်သောအခါ၌ 'အာဝါဟဝိဝါဟမင်္ဂလာ' စသည်ဖြင့် မိဘတို့က သားသမီးတို့အပေါ်၌ မင်္ဂလာယူ၍ပင် မကုန်နိုင်သော မင်္ဂလာလုပ်ရပ်တို့သည် ဗြာဟ္မဏဆရာတို့ (ပုဏ္ဏားဖြူ၊ ပုဏ္ဏားညိုတို့) လမ်းညွှန်ခဲ့ကြသော ဗေဒင်ပညာ၏အရိပ်လက္ခဏာများပင် ဖြစ်ပါသည်။

ဗေဒင်ပညာသည် ရှေးဘုရားရှင်တို့လက်ထက်တော်များ၌လည်း တစ်နည်းမဟုတ် တစ်နည်း ပတ်သက်နေမည်သာဖြစ်ပါသည်။ သက်တမ်း

ကို မှန်းဆ၍ကြည့်လျှင် ဘုရားရှင်တို့သည် ဂဏ်ဝါဠု သဲစုမကပင် ပွင့်တော်မူခဲ့ကြပြီးဖြစ်သောကြောင့် ဖေဒင်ပညာ၏သက်တမ်းကိုလည်း ဂဏ်ဝါဠု သဲစုမကသော သင်္ချာအရေအတွက်တို့ဖြင့်သာ တိုင်းတာရပါလိမ့်မည်။

ဤမျှသက်တမ်းရှည်ခဲ့သော ပညာရပ်တစ်ခုဖြစ်သော်လည်း နေရာတကာတွင် ရာခိုင်နှုန်းပြည့် 'အမှန်'ဟု မဆိုနိုင်ပါ။ ကျွန်ုပ်တို့ 'ဂေါတမဗုဒ္ဓအလောင်းတော် သိဒ္ဓတ္ထမင်းသားကို ဘုရားစင်စစ် ဧကန်ဖြစ်မည်' ဟု ပုဏ္ဏားတို့ ဟောစာတမ်းထုတ်ခဲ့ကြ၏။ အလောင်းတော်မင်းသားလေး လူမမယ်ဘဝ၌ပင် ထိုဖေဒင်ပညာရှိကြီးတို့က ကြိုတင်၍တောရစခန်းတစ်နေရာက စောင့်စားခဲ့ကြသည် မဟုတ်ပါလော။ အလောင်းတော်မင်းသားလေး အမှန်တကယ်တောထွက်လာသောအခါ၌လည်း ၎င်းဖေဒင်ပညာရှင်ကြီးတို့ကပင် ပြုစုစောင့်ရှောက်ခဲ့ကြလေသည်။

ဗုဒ္ဓလောင်းလျာသည် သာမန်လူတို့ ကျင့်ကြံရန်မလွယ်ကူသော 'ဒုက္ကရစရိယ ကျင့်စဉ်ကြီး'ကို ခြောက်နှစ်ကြာအောင်ကျင့်ဆောင်ရာမှ မဇ္ဈိမပဋိပဒါမကျသော ထိုနည်းလမ်းကြီးကို စွန့်ပစ်၍ အစာအာဟာရများပြန်လည် ဘုဉ်းပေးတော်မူသောအခါ –

"သိဒ္ဓတ္ထဟာ မစားမသောက်ဘဲကျင့်တာတောင်မှ ဘုရားမဖြစ်နိုင်တာကွာ၊ အခုလို အစားအသောက်တွေကို ပြန်စားနေရင် ဘယ်မှာ ဘုရားဖြစ်နိုင်တော့မလဲ၊ တို့အတွက် မျှော်လင့်ချက် မရှိပါဘူး၊ လာ . .သွားကြစို့"
ဟု ညည်းတွားပြောဆိုကာ အလောင်းတော်ကို မညှာမထောက်ဘဲ စွန့်ခွာသွားခဲ့ကြလေသည်။

ဤသို့စွန့်ခွာသွားခြင်းသည်ပင် ဖေဒင်ပညာ၏မခိုင်လုံသော (အာမခံချက်မရှိသော) ဟောပြမှုဖြစ်ကြောင်း ထင်ရှားလှပေသည်။

ထို့နောက် သီဟိုဠ်ကျွန်း 'ဝသဘ'မင်း နန်းစံချိန်တွင် ဖေဒင်ဆရာတို့က နန်းသက် ၁၂ နှစ်သာကြာမည်ဖြစ်ကြောင်း လက်ခမောင်းခတ်၍



ဟောစာတမ်းဆက်သကြရာ အများတကာကိုမသိစေဘဲ ဆုတော်ငွေ တစ်ထောင်ကျပ်ဖြင့် နှုတ်ပိတ်၍ နန်းသက်ရှည်စေနိုင်ကြောင်း နည်းလမ်းကောင်းတို့ကို သံဃာတော်အပေါင်းတို့ထံ ချဉ်းကပ်နာခံလေရာ သံဃာတော် အရှင်မြတ်တို့က ရေစစ်အလှူ၊ အဆောက်အအုံသစ် အလှူ၊ ဂိလာန အလှူ၊ ဘုရားစေတီ အဟောင်းများကို ပြုပြင်ခြင်းအလှူ၊ လမ်းတံတား အလှူ၊ ငါးပါးသီလ မြဲစေခြင်းစသော ကောင်းမှုကုသိုလ်တို့ကို ပြုလုပ်ရန် နည်းပေးလမ်းညွှန်တော်မူသောအခါ ထိုသံဃာတော်အရှင်မြတ်တို့၏လမ်းညွှန်ချက်အတိုင်း လိုက်နာကျင့်သုံးလေရာ ထီးနန်းသက် ၄၄ နှစ်ကြာအောင် စံမြန်းနိုင်ခဲ့ရလေသည်။

အကယ်၍များ ဖေဒင်ဆရာတို့၏စကားအတိုင်းသာ ယုံကြည်စိတ်ပျက်၍နေထိုင်ခဲ့ပါလျှင် နန်းသက် ၁၂ နှစ်ပင် ကြာလိုက်မည်မဟုတ်ပါ။ သဒ္ဒါတရားကို အခြေတည်၍ သံဃာတော်အရှင်မြတ်တို့၏စကားကို မသွေဖည်ခဲ့ခြင်းကြောင့် နေပြည်တော်ကြီးတစ်ခုလုံး ရွှင်ပြုံးသာယာပြီးလျှင် ၄၄ နှစ်ကြာအောင်စံမြန်းခဲ့ရကြောင်း သာဓကကောင်းတစ်ခုအဖြစ် မီးမောင်း ထိုးပြလျက်ရှိပါသည်။

ထို့ပြင် မှတ်သားလိုက်နာဖွယ်ကောင်းသောဖြစ်ရပ်မှန်တစ်ခုကိုလည်း ထပ်ဆင့်တင်ပြလိုပါသည်။ 'ကျေးဇူးရှင်ရွှေကျင်သာသနာပိုင် စံကင်းဆရာတော်ဘုရားကြီး'၏ ဇာတာခွင်ကို နိုင်ငံကျော်ဖေဒင်ဆရာကြီးတို့က အာယုဒသာစိတ်၍ ဟောစာတမ်းထုတ်ကြလေသည်။ 'ဆရာတော် ဘုရားကြီးသည် ညောင်ကန်နည်းအရ ၉၇ နှစ်နှင့် ၅ လ၊ ၂၅ ရက်၊ ၉ နာရီကြာ အသက်ရှည်မည်ဖြစ်ကြောင်း၊ ငွေးချိုနည်းအရ ၉၇ နှစ်နှင့် ၇ လ၊ ၁၃ ရက် ၈ နာရီကြာ အသက်ရှည်မည်ဖြစ်ကြောင်း၊ အပရေဝါဒ(အချို့ဆရာတို့အယူ) အရ သက်တော် ၁၀၅ နှစ်နှင့် ၅ လ၊ ၂၅ ရက် ၉ နာရီကြာ နေတော်မူရမည် ဖြစ်ကြောင်း' တွက်နည်း သုံးနည်းဖြင့် ဟောကိန်းထုတ်ကြလေသည်။

သက်တော် ၁၀၀ သို့ရောက်လာသောအခါ "အင်း နှစ်နည်းတော့ မှားသွားပြီပေါ့၊ နောက်တစ်နည်း အပရေဝါဒ အဆိုပဲစောင့်ကြည့်ရတော့မယ်။ ဆရာတော်ကြီးကို အာယုဒသာဖြတ်ဖို့ မလွယ်ဘူး"ဟု အားလျော့စိတ်ပျက်၍ ဆရာတော်ကြီးအား လျှောက်ထားကြည့်ကြလေရာ ဆရာတော်ကြီးက "အိမ်း . . သူတို့က ငယ်ငယ်တုန်းက ဇာတာကိုကြည့်ပြီး ဟောကြတာကိုးကွယ့်၊ တို့က ငယ်ငယ်တုန်းကလိုမှ မဟုတ်ဘဲနဲ့၊ အခုလုပ်နေတဲ့ အလုပ်ကိုကြည့်ပြီး ဟောမှ မှန်တော့မပေါ့" ဟု အမိန့်ရှိတော်မူလေသည်။ ဆရာတော်ဘုရားကြီးသည် သက်တော် ၁၀၂ နှစ်တွင် ပျံလွန်တော်မူသွားသဖြင့် သုံးနည်းလုံး မမှန်သည့်အပြင် နီးစပ်မှုပင်မရှိပါချေ။ ဗေဒင်တွေကို ပမာဏမပြုရစ်ကြရန် ၁၀၂ နှစ်နှင့်ပင် ကြားချ၍ပျံလွန်ခဲ့လေရော့သလား မသိနိုင်ပါတကား။ (ဂုရုပ္ပတ္တိကထာ)

ထို့နောက် 'စတုက္ကနိပါတ်၊ စူဠကာလိင်္ဂဇာတ်'တွင် ကလိင်္ဂ ဘုရင်နှင့် အဿကမင်းတို့သည် စစ်ခင်းရန်ကြေညာလိုက်ကြသောအခါ ကလိင်္ဂဘုရင်သည် အနီးအနားတစ်နေရာတွင်ရှိသော ဘုရားအလောင်း တန်ခိုးရှင်ဆရာရသေ့ထံသို့ချဉ်းကပ်၍ အနိုင်အရှုံးကိစ္စကို မေးမြန်းလေသည်။ ရသေ့ကြီးလည်း 'မိမိ မသိကြောင်း၊ မိမိထံဆည်းကပ်နေသော သိကြားမင်းကို မေးပြီးမှ ပြောပါမည်'ဟု ရက်ချိန်းပေးပြီးလျှင် နောက်တစ်နေ့တွင် 'ကလိင်္ဂဘုရင်သာ အနိုင်ရမည်' ဖြစ်ကြောင်း ဟောကိန်းထုတ်လိုက်လေသည်။

'စစ်ပွဲတွင် အနိုင်ရမည်'ဟု စိတ်ကို ဒုံးဒုံးချထားသော ကလိင်္ဂဘုရင်သည် ကြိုတင်ပြင်ဆင်မှုများ လျော့ပါးနေသည့်အပြင် စစ်ရေးလေ့ကျင့်မှုပင် မရှိလေသောကြောင့် တိုက်စစ်ဆင်သောအခါ အထင်နှင့်အမြင် တက်တက်စင်အောင်လွဲခဲ့လေသဖြင့် တန်ခိုးရှင်ရသေ့ကို ဆဲဆို၍ ထွက်ပြေးရလေသည်။

နောက်တစ်ရက်တွင် အခစားဝင်ရောက်လာသော သိကြားမင်းအား 'လိမ်ရလေမည်လား' ဟု ဆရာရသေ့ကအပြစ်တင်စကားပြောကြား



သောအခါ သိကြားမင်းက "ဒေဝါ န ဣဿန္တိ ပုရိသပရက္ကမဿ= ယောကျ်ားတို့ ဝီရိယကို နတ်သိကြား ဗြဟ္မာတွေတောင် အထင်သေးလို့မရပါဘူးဘုရား"ဟု လျှောက်ထား ချေပလေသည်။

နတ်တို့၏ဘုရင် သိကြားမင်းဗေဒင်သည်ပင် အမှန်ကိုမမြင်နိုင်လေသောကြောင့် လွန်ခဲ့သော တစ်လခန့်ကကြော်ချက်စားသောက်ခဲ့သမျှသော အာဟာရတို့ကို 'ဘာနဲ့စားခဲ့သည်၊ ဘယ်ပုံစံဖြင့်စားခဲ့သည်၊ ဘယ်လိုကြော် ဘယ်လိုလှော်၍ ဘယ်သူနှင့်အတူစားခဲ့သည်'ဟု ပြန်လည်မဆင်ခြင်နိုင်ကြသော ကာလဗေဒင်ဆရာတို့က လူတို့၏ကောင်းကျိုးဆိုးကျိုးတို့ကို အဘယ်မည်သောတန်ခိုးဖြင့် တွက်ချက်မှန်းဆ၍ ဟောကိန်းများထုတ်နိုင်ကြလေမည်နည်း။ အတွေးထက်ထက်ဖြင့် အလေးအနက်စဉ်းစားသင့်ကြသည် မဟုတ်ပါလော။

'ဗေဒင်ပညာကို လုံးဝမယုံကြည်သင့်'ဟု မဆိုလိုပါ။ ပုထုဇဉ်တစ်ယောက်အနေနှင့် အထိုက်အလျောက် (စိတ်အယားပြေ) လောက်သာ ယုံကြည်သင့်ပါသည်။ ဘဝတစ်ခုလုံးကို ပုံအပ်၍ယုံမှတ်သင့်သောပညာရပ် မဟုတ်ကြောင်း နားမလည်လျှင်(ဗေဒင်၏စနက် ဟောကွက်လောက်သာ ကျေနပ်လမ်းဆုံးနေကြပါလျှင်) ဤရှင်တော်ဗုဒ္ဓ၏ ဓမ္မဝိနယ သာသနာ အဆီအနှစ် အဖြာဖြာတို့ကို လက်လွတ်ဆုံးရှုံးနစ်နာကြရပါလိမ့်မည်။

သာဓကကောင်းတစ်ခုကို တင်ပြရလျှင် ပုဂံရာဇဝင်၌ 'နရသီဟပတေ့(ခေါ်) တရုတ်ပြေးမင်း'သည် စေတီတစ်ဆူကိုတည်လေရာ ဗေဒင်ဆရာတို့က 'ဘုရားလည်းပြီး၊ ပြည်ကြီးလည်းပျက်'ဟု တဘောင်ထွက်ကြသဖြင့် ဆက်လက်၍မတည်ဝံ့ဘဲရှိနေလေရာ ခြောက်နှစ်ပင်ကြာသွားခဲ့ပါသည်။ 'ပံသုကူမထေရ်'က 'သမိုင်းတွင် အုတ်ပုံကြီးက စကားပြောနေရစ်မည်' ဖြစ်ကြောင်း အမိန့်ရှိတော်မူပြီး နည်းလမ်းကောင်းတို့ကို ဟောညွှန်ပြသဆုံးမတော်မူမှသာ အောင်မြင်စွာတည်ထားကိုးကွယ်နိုင်ခဲ့ပါသည်။

အကယ်၍ နရသီဟပတေ့ဘုရင်သည် ထိုဗေဒင်ဆရာတို့၏ ဟောကွက်တဘောင်ကို ထိတ်လန့်တိမ်းရှောင်နေခဲ့လျှင် ဤမွန်မြတ်သန့်စင်သော မဟာကုသိုလ်လုပ်ငန်းကြီးကို စွန့်လွှတ်ဆုံးရှုံးရမည်ဖြစ်သကဲ့သို့ သမိုင်းတစ်ဟိုဒ္ဓလည်း ထိုစေတီတည်ရန် အုတ်မြစ်ချခဲ့သော အုတ်ပုံကြီးက စကားပြောနေမည်သာဖြစ်သောကြောင့် သူတစ်ပါးတို့ကောင်းမှုကုသိုလ် မပြုလုပ်ဝံ့ရန် အဟန့်အတားဖြစ်စေသော စကားတို့ဖြင့် ပါးစပ်သရမ်းကြသူတို့သည်လည်း အဘယ်မျှအပြစ်ကြီး(ငရဲကြီး) လိုက်ပါမည်နည်း။ စဉ်းစားသင့်ကြပါကုန်၏။

ကျွန်ုပ်တို့တင်ပြခဲ့သော အကြောင်းအရာ အချက်အလက်တို့သည် ဗေဒင်ပညာကို နှိမ့်ချပုတ်ခတ်နေခြင်းမဟုတ်ပါ။ ခြင်္သေ့သည် မြေခွေးမဖြစ်နိုင်သော်လည်း မြေခွေးက ခြင်္သေ့ယောင်ဆောင်၍ 'သားကောင်တို့သနင်း ငါခြင်္သေ့မင်း'ဟု ပူးကပ်ကြွေးကြော်နေကြခြင်းကြောင့်သာ (ယှဉ်ပြိုင်တိုက်ခိုက်ခြင်းဖြင့် အနိုင်ယူရန်မကြိုးစားဘဲ ပူးသတ်သောနည်းဖြင့် အနိုင်ယူရန် တာစူနေကြခြင်းကြောင့်သာ) ဤသို့တင်ပြခဲ့ခြင်းဖြစ်ပါသည်။

ဆက်လက်၍ ကွာဟချက်များကို တင်ပြလိုပါသည်။ ဗုဒ္ဓတရားတော်က သမ္ပတ္တိတရား သမ္ပဒါတရားလေးပါးကို အခြေတည်၍ လူတို့ကြီးပွားချမ်းသာအောင် လမ်းညွှန်တော်မူခဲ့ပါသည်။ ဗေဒင်ပညာက 'အောင်၊ လံ၊ ထူ၊ စစ်၊ သူ၊ ကြီး၊ ပွဲ'ဟူသော မဟာဘုတ်ကို အားကိုး တိုင်တည်၍ ထိုထို ဤဤ အလီလီဖြင့် ဟောပြလမ်းညွှန်နေကြပါသည်။ ဗေဒင်ပညာက ပြဿဒါးနှင့်ရက်ရာဇာကို ပဓာနထား၏။ ဗုဒ္ဓတရားတော်က ကုသိုလ်နှင့် အကုသိုလ်ကို ပဓာနထားခြင်းကြောင့် 'ပြဒါးတစ်လမ်း၊ သံတစ်လမ်း' ဖြစ်နေသည် မဟုတ်ပါလော။

ထို့ပြင် တစ်နှစ်တစ်ကြိမ်ထုတ်ဝေနေကြသော သင်္ကြန်စာ၌ ဗြဟ္မာမင်းကြီး၏ဦးခေါင်းပြတ်ကြီးကို (နတ်သမီးများက တစ်ယောက်လက်တစ်



ယောက်ကမ်းနေကြခြင်းကို) အကြောင်းပြု၍ ကုန်ဈေးနှုန်းနှင့်တကွ မိုးလေဝသ စသည်တို့ကိုပါ အကောင်းအဆိုးခန့်မှန်းတွက်ချက်နေကြပေသည်။ ဗုဒ္ဓတရားတော်အရ 'နတ်ဗြဟ္မာတို့၏ခန္ဓာကိုယ်သည် ကမ္ဘာဇရပ်တွေချည်းမို့ သေလျှင် မီးတောက်သဖွယ် ပျောက်ကွယ်သွားသည်' ဟု ဟောညွှန်တော်မူခဲ့ပါသော်လည်း ဗေဒင်ပညာက ဗြဟ္မာမင်းကြီး၏ဦးခေါင်းပြတ်ကြီး မပုတ်မသိုးအောင် ဆေးစိမ်ထားဆဲပင်ဖြစ်ပါသည်။

အမှန်မှာ သဒ္ဓါတရားရှိသူသည် ကောင်းမှုကုသိုလ်ပြုလုပ်ရန် အခါအခွင့်သင့်လာပြီဆိုလျှင် ထိုအချိန်အခါသည် ကောင်းသောနက္ခတ်နှင့်ယှဉ်နေပြီဖြစ်သောကြောင့် 'ကျေးဇူးရှင် မန်လည်ဆရာတော်ဘုရားကြီး' က 'နက္ခတ္တဇာတ်'ကို မှီး၍ 'ပညာရှိမြတ်၊ ဗောဓိသတ်တို့၊ နက္ခတ်ယှဉ်ရာ၊ အခါဖင့်နှေး၊ နေ့မရွေးဘူး၊ အရေးလက်ရောက်၊ မျက်မှောက်ကျိုးထင်၊ ရခြင်းပင်သာ၊ ဤလျှင်သင့်မြတ်၊ ကောင်းနက္ခတ်တည်း'ဟု မဃဒေဝလင်္ကာ၌ ရေးစပ် ဆုံးမတော်မူခဲ့ပါသည်။

မကောင်းသော အကုသိုလ်ကံနှင့် နေထိုင်သောသူသည် ထိုမကောင်းမှု(လုပ်ဆောင်ချက်)ကို ရှောင်ကြဉ်၍ ကောင်းမှုကောင်းရာတို့ကို ပြုလုပ်နေထိုင်ခဲ့ပါလျှင် အလိုအလျောက်ပင် ကံမြင့်ပြီးဖြစ်သောကြောင့် အဘယ်ဗေဒင်၏ယြဇာကိုခံယူနေဖို့လိုပါတော့မည်နည်း။ တစ်ဖန် မကောင်းသောအကျိုးကို ခံစားရဖို့အလှည့်သင့်လာလျှင် အဘယ်ဗေဒင်ပညာရှင်တို့က ကယ်တင်နိုင်ကြပါမည်နည်း။ ဗေဒင်ပညာ, ထိုယတြာဖြင့် မကောင်းကျိုးများ ကျရောက်မလာနိုင်စေရန် တားဆီးတော်လှန်နိုင်ကြပါလျှင် ရှင်တော်ဗုဒ္ဓအား ဝမ်းတော်မလားစေရန် အရှင်အာနန္ဒာက ဦးဆောင်၍ ယတြာချေမည်သာဖြစ်ပါသည်။

အရှင်မောဂ္ဂလ္လာန် မထေရ်မြတ်ကြီးအား ခိုးသားငါးရာတို့နှိပ်စက်ဖို့အချိန် ကျရောက်လာသောအခါ တန်ခိုးအရာမှာ ဧတဒဂ်ပင်ရခဲ့ပါသော်

လည်း ထိုတန်ခိုးတို့က အချည်းနှီး ဗလာပြခဲ့ရသည် မဟုတ်ပါလော။ မကောင်းမှု အကုသိုလ်တို့အကျိုးပေးဖို့ အလှည့်သင့်လာချိန်၌ ယတြာဖြင့် ချေဖျက်ပစ်နိုင်ကြပါလျှင် ကုသိုလ်လုပ်ရန်ပင် လိုအပ်တော့မည်မဟုတ်ပါ။

"ဒါဖြင့် ယတြာချေတာ ကုသိုလ်လုပ်ငန်း မဟုတ်လား"ဟု မေးရန်ရှိပါ၏။ ဘဝကို ခင်တွယ်သော တဏှာ (ဘဝတဏှာ)ဖြင့် 'မှောက်ကျသော နွားနို့အိုးကြီးကို ရွှေတိဂုံဘုရားကြီးအား လှူဒါန်းပါ၏'ဟု ဆိုသောသူကဲ့သို့ မကောင်းကျိုးများကျရောက်လာခါမှ အလန့်တကြား ဘုရားသို့သွား၍ အသက် ၃၂ နှစ်ဖြစ်သောကြောင့် ၃၂ တိုင်သောဖယောင်းတိုင်တို့ကို ကိုင်ကာ ဗုဒ္ဓရုပ်ပွားတော်၏ လက်တော်ထဲ၌ သာဟတ္ထိက မြောက်ရန် မီးတောက် မီးလျှံတို့ဖြင့် ရှို့မြှိုက်ပူဇော်လျှင် ထိုသူ၏ဘဝ အေးချမ်း သာယာဖွယ် ရှိနိုင်ပါဦးမည်လော။

မဏိံ မိဂေါ ပဿန္တောပိ၊ တိဏံ ခါဒံဝ ဂစ္ဆတိ။

လဒ္ဓကာလော ဒုပ္ပညောပိ၊ ကာမံ ဘုဥ္ဇံဝ ဂစ္ဆတိ။

"သမင်သည် ပြည်တန်ပတ္တမြားကို တွေ့မြင်ပါသော်လည်း တန်ဖိုးမသိသဖြင့် မြက်ကိုသာစား၍ တောတွင်းဝင်သွားသကဲ့သို့ ပညာမဲ့သော လူမိုက်သည် လူ့ဘဝအခွင့်ကောင်းကြီးကို ရနေပါသော်လည်း ထိုလူ့ဘဝ၏တန်ဖိုးကို မသိသည့်အတွက် အာရုံငါးပါး ကာမဂုဏ်တရားတို့ကို ခံစားပြီး အပါယ်လေးပါးသို့သွားရလေသည်"ဟု ဟောဖော်ညွှန်ပြတော်မူခဲ့ပါသည်။ 'ကျေးဇူးရှင် မန်လည်ဆရာတော်ဘုရားကြီး' ကလည်း "ရတနာဟူတုံ၊ တစ်စုံတစ်ခု၊ ဝတ္ထုအမျိုး၊ ဖိုးအနဂ်ပြည့်၊ ပြည်တန်မှည့်လည်း၊ သုံးမည့်သူက၊ သုံးမကျလျှင်၊ မြေမှုထင်စွာ၊ ကြက်ယက်ရာ၌၊ ရတနာပတ္တမြား၊ ပေါ်သော့်လားသို့၊ သုံးစားမဝင်၊ ကဲမထင်ဘူး"ဟု ရေးသားဆုံးမတော်မူခဲ့ပေသည်။

'ကောင်းကင်နှင့်မြေကြီးသည် ဝေး၏။ သမုဒ္ဒရာ၏ ဤမှာဘက်



ကမ်းနှင့် ဟိုမှာဘက်ကမ်းသည် ဝေး၏။ နေထွက်ရာအရပ်နှင့် နေဝင်ရာအရပ်သည် ဝေး၏။ သူတော်ကောင်းတရားနှင့် လူယုတ်မာတို့သည် အလွန်ဝေးကုန်၏'ဟု 'သုဝိဒူရသုတ်'၌ မြတ်ဗုဒ္ဓဟောကြားတော်မူခဲ့သည့် အားလျော်စွာ သာသနာတော်ကြီးနှင့် တွေ့ကြုံရပါလျက် နိဗ္ဗာန်သို့ရောက်အောင် အဆွဲဓာတ်ရှိသောတရားတို့ကို မိမိနှင့်မဆိုင်သလို အက်ရှင်(Action) ခံနေကြပါလျှင် "တောဆင်ရိုင်းကြီး" ဘဝနှင့်တူလှပေတော့သည်။

ဆင်သည် ခန္ဓာကိုယ်ကြီး၏။ အရပ်အမောင်း ကောင်း၏။ အစွယ်ရှိ၏။ အားအင်ရှိ၏။ ခြေလေးချောင်းရှိသောသတ္တဝါတို့တွင် အကြီးဆုံးဟု ဆိုနိုင်သည်။ ရန်သူကို စိစိညက်ညက်ကြေအောင် ချေမှုန်းနိုင်၏။ ခံ့ညား၏။ ထည်ဝါ၏။ ရတနာစာရင်း ဝင်၏။ သို့သော် . . မျက်လုံးငယ်သဖြင့် အမြင်ကျဉ်းမြောင်းလေသည်။ အသံသြဇာမရှိ၊ မြေပြင်တွင်ကပ်၍ပေါက်နေသော ချိုသောမြက်ကို မစားနိုင်၊ သခင်ကို နေ့စဉ်သေကြောင်းကြံ(ဆင်ကြံ) ကြံနေတတ်သည်။ ကျဉ်းမြောင်းသောမျက်လုံးဖြင့် သခင်ကိုထောင့်ကပ်၍ (ဆင်ကြည့်) ကြည့်နေတတ်သည်။ ထို့အတူ 'အင်အားကြီးသော ဗုဒ္ဓဘာသာ'ဟု အမည်ခံလျက် ဗုဒ္ဓသာသနာ (အရှင်သခင်) ကို 'ဆင်ကြည့်' ကြည့်၍ 'ဆင်ကြံ' မကြံကြပါနှင့်၊ 'သတိ'ဟူသော ချွန်းဖြင့် အုပ်ထိန်းတော်မူကြပါကုန်စို့။

## အတွေးအမြင်—၂

# ယတြာနှင့် ကံကြမ္မာ

'ပရိနိဗ္ဗာန် စံလွန်တော်မူပြီးကြကုန်သော ဘုရားရှင်တို့၏ရုပ်ပွားဆင်းတုတော်တို့ကို သက်တော်ထင်ရှားရှိသကဲ့သို့ လှူဒါန်းပူဇော် ဆည်းကပ်ကြလျှင် သက်တော်ထင်ရှားရှိသော ဘုရားရှင်တို့အား လှူဒါန်းပူဇော် ဆည်းကပ်ရသည့် အကျိုးအာနိသင်တို့နှင့် တူညီကြောင်း ဘုရားရှင် ဟောကြားတော်မူခဲ့ပါသည်။ (ပီတဝိမာနဝတ္ထု)

ဤသို့သော ဘုရားဟော ဒေသနာတော်မြတ်ကို ထောက်ရှုခြင်းဖြင့် 'မည်သည့်ရုပ်ပွားတော်ကိုမှ ကိုးကွယ်ဆည်းကပ်ရမည်၊ မည်သည့်ရုပ်ပွားတော်ကို မကိုးကွယ် မဆည်းကပ်အပ်' ဟု ခွဲခြား၍ဟောကြားတော်မူခဲ့လိမ့်မည်မဟုတ်ကြောင်း နားလည်ကြရမည်ဖြစ်ပါသည်။ ယနေ့ခေတ်ကာလ၌ ကျောက်သားဖြင့် ထုလုပ်ထားသော 'ကျောက်ဆင်းတု ရုပ်ပွားတော်'ကို ကိုးကွယ်ဆည်းကပ်လျှင် ထိုရုပ်ပွားတော်က 'ခိုက်သည်'ဟု ဗေဒင်ပညာရှင်တို့နှင့်တကွ ဂိုဏ်းဂဏခေါင်းချုပ် ဘိုးတော်လုပ်သူတို့၏ ပါးစပ်ကမအပ်မရာ ပြောဆိုနေကြသောလေသံတို့ကို မကြာခဏကြားသိနေရပါသည်။



ယင်းပုဂ္ဂိုလ်တို့ထံချဉ်းကပ်၍ 'ဘာကြောင့် မကိုးကွယ်ရသနည်း၊ ဘာကြောင့်ခိုက်ရသနည်း'စသည်ဖြင့် မေးမြန်းကြည့်မိသောအခါ 'ကျောက်' ဟူသောအသံထွက် (ပညတ်) ကို အကြောင်းပြု၍ 'ကြောက်စရာ' အဖြစ်သတ်မှတ်ကာ 'ကိုးကွယ်လျှင် ခိုက်တတ်သည်'ဟူသောအဖြေကို ရရှိခဲ့ပါသည်။

'ပညတ်သွားရာ ဓာတ်သက်ပါ'ဟူသော ဗေဒင်ပညာ၏သြဇာအရှိန်အဝါသည် ကျွန်ုပ်တို့ဗုဒ္ဓသာသနာတော်နှင့်ပတ်သက်၍ ကိုးကွယ်ဆည်းကပ်ရမည့်ကိစ္စရပ်တို့နှင့်တကွ အလှူဒါန လုပ်ငန်းတို့ကိုပါမကျန်မအပ် မရာ မဆီမဆိုင် လာရောက်အမိန့်ပေးနေသည်မှာ စဉ်းစားတတ်လျှင်ရင်နာစရာပင် ကောင်းလှပါသည်။

တစ်ဖန် 'သေသူ၏ပစ္စည်းဥစ္စာတို့ကို ကျန်ရစ်သူမိသားစုများ မသုံးကောင်း' စသော စကားတို့ကိုလည်း ၎င်းပုဂ္ဂိုလ်ကြီးတို့ကပင် ပညတ်ချက်ထုတ်ပြန်ခဲ့ကြပါသည်။ ယင်းအဆိုအရ 'မကောင်းကျောင်းပို့'ဟူသော စကားနှင့်အညီ အကျီစုတ် လုံချည်စုတ်များကိုသာ လိုက်ကာ၊ နေရာထိုင် စသည်တို့ချုပ်လုပ်လှူဒါန်းနေကြပါသော်လည်း 'သေသူ၏စိန်နားကပ်နှင့် အိမ်ကြီးကို အဘယ်ဆရာတော်အား လှူဒါန်းလိုက်သည်'ဟူသော သတင်း စကားကိုမူ ကြားဖူးတော်မူကြပါ၏လော။

ကျွန်ုပ်တို့ ဗုဒ္ဓသာသနာသည် ခိုင်မာသောစာပေရှိ၏။ ယင်းစာပေသည် လူနတ်ဗြဟ္မာသတ္တဝါတို့အတွက် အမှားအမှန်ကို ဝေဖန်ပေးနိုင်သော 'စံ' တစ်ခုဖြစ်သကဲ့သို့ အစွန်းနှစ်ဖက်မှလွတ်သော ကျင့်စဉ်များကိုလည်း လမ်းညွှန်ပေးနိုင်ပါသည်။ ယင်းလမ်းညွှန်ချက်(လမ်းရိုးကြီး)သည် သွားလာသူ များခြင်းကြောင့် ဖုန်နေပြီဖြစ်သော်လည်း ယင်းဖြောင့်တန်းလှသော လမ်းရိုးကြီးကို သွေဖည်၍ လမ်းသစ်ထွင်နေကြသည်မှာ အံ့သြစရာပင် ကောင်းလှပေသေးတော့သည်။

ရုပ်ပွားဆင်းတုတော်ကို ကိုးကွယ်ဆည်းကပ်ခြင်းနှင့်ပတ်သက်၍ ‘သက်တော်ထင်ရှား ဘုရားရှင်ကို ကိုးကွယ်ဆည်းကပ်ရသကဲ့သို့ တူညီသော အကျိုးကို ရရှိနိုင်ကြောင်း’ ခိုင်မာသော အထောက်အထားရှိပါသော်လည်း ယင်းဗုဒ္ဓစကားတော်ကို သွေဖည်ဖွံ့ကြသော ထိုပုဂ္ဂိုလ်တို့သည် ဗုဒ္ဓဘာသာ (ဘုရားစကား နာခံသူ) ဖြစ်နိုင်ကြပါဦးမည်လော။

ဗုဒ္ဓရုပ်ပွား ဆင်းတုတော်သည် ကိုးကွယ်သူတို့အား မခိုက်ပါ (ဒုက္ခ မဖြစ်စေပါ)။ မှန်၏။ ယင်းသို့မခိုက်ပါသော်လည်း ထိုဗုဒ္ဓရုပ်ပွားတော်အား မရိုသေလျှင် (ရိုသေရာမရောက်လျှင်) ထိုမရိုသေမှုကပင် ဒုက္ခဖြစ်စေပါသည်။ သာဓကတစ်ခုကို တင်ပြရလျှင် . .

‘နိုင်ငံတော်လုပ်ကြံမှုကြီး’တွင် အဓိက အခန်းကဏ္ဍမှပါဝင်သူသည် ‘ဂဠုန်ဦးစော’ ဖြစ်ကြောင်း မြန်မာနိုင်ငံတော် နိုင်ငံသားများအားလုံး သိရှိထားကြပြီး ဖြစ်ပါသည်။ ပုထုဇဉ်တို့သည် မကောင်းသည့်အရာများကို ပြုလုပ်တတ်ကြသကဲ့သို့ ကောင်းသည့်အရာများကိုလည်း ပြုလုပ်တတ်ကြပေသည်။

ဂဠုန်ဦးစောသည်လည်း ပုထုဇဉ်လူသားတစ်ယောက်ဖြစ်သည်နှင့်အညီ မသတီစရာလုပ်ရပ်ကို မဟုတ်မဟတ်ပြုခဲ့သည့်အတွက် သမိုင်းတွင် ‘အမည်းစက်ကြီး’ အဖြစ် ထင်ကျန်ရစ်သကဲ့သို့ သူ၏ကောင်းကွက်လေးတို့ကလည်း မှဒိတာသက်စရာ ထင်ကျန်ရစ်ခဲ့ပါသည်။

ဗြိတိသျှအစိုးရလက်ထက်တွင် ပထမငယ်တန်းအောင်သော သံဃာတော်တစ်ပါးကို ၁၄ ကျပ်သာထောက်ပံ့သဖြင့် ‘ပညာရေးဝန်ကြီး ဂဠုန်ဦးစော’က ပထမငယ်တန်းအောင်သော သံဃာတော်တစ်ပါးကို ၅၀ ကျပ်၊ ပထမလတ်တန်းအောင်သော သံဃာတော်တစ်ပါးကို ၇၅ ကျပ်၊ ပထမကြီးတန်းအောင်သော သံဃာတော်တစ်ပါးကို ၁၀၀ ကျပ် စာချတန်းအောင် သံဃာတော်တစ်ပါးကို ၃၀၀ ကျပ်စသည်ဖြင့် အသီးသီးတိုးမြှင့်၍



ထောက်ပံ့လှူဒါန်းခဲ့လေသည်။

ထို့ပြင် မန္တလေးမြို့ ‘မဟာမြတ်မုနိဘုရားကြီး’ အနီးရှိ ‘မဟာနန္ဒိသေနာရာမ ကျောင်းတိုက်’ မြေနေရာကိုလည်း သံဃာတော်များ ချမ်းသာစွာ သီတင်းသုံးနေထိုင်နိုင်ရေးအတွက် ‘သာသနဝတ္တကမြေ’ အဖြစ် စီစဉ်ချမှတ်ပေးခဲ့ပေသည်။

‘သစ်တောဝန်ကြီး’ ဖြစ်စဉ်ကလည်း ဗြိတိသျှအစိုးရ၏ပေါ်လစီကိုပင် ဆန့်ကျင်ကာ နိုင်ငံခြားတင် ပထမတန်းစား သစ်တန်ပေါင်းများစွာကိုလည်း သံဃာတော်အရှင်မြတ်တို့၏ ကျောင်း၊ ကန်၊ ဘုရား တည်ဆောက်ရန်အလို့ငှာ ထောက်ပံ့လှူဒါန်းခဲ့လေသည်။

ဂဠုန်ဦးစောသည် ဘုရင်ဖြစ်လိုသောဆန္ဒပြင်းပြသူပီပီ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျနှင့် ကုန်းဘောင်မင်းဆက်များက ‘အောင်မြေ’ ဟု သတ်မှတ်ထားခဲ့ကြသော (ရွှေဘိုမြို့အဝင် တောင်ဘက်တွင် ရှိသည့်) အောင်မြေကိုနင်း၍ သမိုင်းဝင်အဆောက်အအုံ တစ်ဆောင်ကိုလည်း တည်ဆောက်စေခဲ့ပါသည်။ ၁၉၄၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၅ ရက်၊ တနင်္ဂနွေနေ့ နံနက်တွင် အလောင်းတော်မင်းတရားကြီး၏ အုတ်နန်းပြာသာဒ်တော် တည်ဆောက်ရေးအတွက် ပန္နက်ချပေးခဲ့ပြန်သဖြင့် ယနေ့ မြင်တွေ့ရသော အုတ်နန်း ပြာသာဒ်တော်သည် ဂဠုန်ဦးစော၏သမိုင်းမှတ်တိုင်ပင်ဖြစ်ပါသည်။

ဝါးပင် ကျူပင်တို့သည် အသီးကြောင့်ပျက်စီးရသကဲ့သို့ ပုထုဇဉ်လူသားသတ္တဝါအများတို့သည်လည်း အလိုရမ္မက်လောဘစွန်း ထွက်တတ်ကြသောကြောင့် ထိုလောဘကြောင့်ပင် ပျက်စီးဒုက္ခရောက်ကြရလေသည်။ လောဘအမှောင်ကျလာလျှင် ဘ, နဖူးကိုပင် သိုက်တူးရန် ဝန်လေးကြမည်မဟုတ်ပါ။ ဂဠုန်ဦးစောသည်လည်း လောဘသားတစ်ဦးဖြစ်သည်နှင့်အညီ ‘ဘုရင်ဖြစ်ရမည်’ ဟူသောအဓိဋ္ဌာန်ဖြင့် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျကိုးကွယ်ခဲ့သော ဗုဒ္ဓရုပ်ပွားတော်ကို ‘အဆောင်’ အဖြစ်ပူဇော်ခဲ့ခြင်း

ကြောင့် အင်းစိန်ထောင်အတွင်း၌နေစဉ် (ကြိုးမိန့်ချပြီး) မကြာမီ အစောင့်ပုဂ္ဂိုလ်တစ်ယောက်အား ဤသို့ပြောကြားခဲ့လေသည်။

"ကျုပ်ဟာ နန်းရင်းဝန်ကြီးဘဝနဲ့ ရွှေဘိုနယ်ကိုရောက်ခဲ့တယ်။ အဲဒီအချိန်က ရွှေဘိုနယ်မှာ အတော်ထင်ရှား ကျော်ကြားနေတဲ့ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျကိုးကွယ်သွားတဲ့ 'သစ်ကနက်' မတ်ရပ်ဆင်းတုတော်ဟာ အတော်တန်ခိုးကြီးတယ်၊ ဆုတောင်းပြည့်တယ်၊ လိုတ, ရတယ်၊ ရန်အပေါင်းကို အောင်နိုင်တယ်ဆိုတဲ့ သတင်းကြောင့် အဲဒီဘုရားကို မရ ရတဲ့နည်းနဲ့ကျုပ်ယူမိခဲ့ပါတယ်။

ဒါပေမဲ့ ကိုးကွယ်လိုလို့ ကြည်ညိုသဒ္ဓါနဲ့ပင့်ခဲ့တာမဟုတ်ဘူး၊ ကျုပ်အကျိုးအတွက်ကြည့်ပြီး ယူခဲ့တာပဲ၊ ဒီတော့ ဆင်းတုတော်ကို သာမန်မျှသာ ကိုးကွယ်မှုအဆင့်တွင်မဟုတ်ဘဲ ကျုပ်ရဲ့ 'အဆောင်'သဘောမျိုးထားခဲ့မိတယ်။ အဲဒါ ကျုပ်ရဲ့ မဟာအမှားကြီးပဲ။

နောက်မှ သိရတာက ဒီဆင်းတုတော်ကြီးဟာ တန်ခိုးကြီးသလောက် 'အလွန်ခိုက်တယ်' ဆိုတာသိရတော့ နောက်ကျသွားပြီ။ အဲဒီအချိန်က ကျုပ်ဟာ 'အင်္ဂလိပ်အကျဉ်းသား'ဖြစ်လို ဖြစ်ရ၊ သေနတ်ပစ် ခံရလို ခံရနဲ့။ နောက်ဆုံး အခုအခြေအနေအထိဖြစ်ခဲ့တာပါပဲ။ နောက် ကျုပ်ဒီထဲရောက်မှ အဲဒီဆင်းတုတော်ကြီးကို ရွှေတိဂုံစေတီတော် စနေထောင့်မှာ ကျောင်းဆောင်တစ်ခုနဲ့ လှူဒါန်းလိုက်ရတယ်"(၁၅-၇-၇၁ နေ့ထုတ် အိုးဝေဂျာနယ်မှ)

ရတနာဟူသည် တန်ဖိုးထားသူကိုသာ အကျိုးဖြစ်ထွန်းစေပါသည်။ ယင်းရတနာကို သေချာကျန ထိန်းသိမ်းရိုသေမှု မရှိကြလျှင် ထိုရတနာကပင် ဒုက္ခပေးတတ်လေသည်။ ရွှေဝတ်ဆင်ထားသော ကလေးနှင့် သိန်းဆုပေါက်သော ရေထမ်းသမားတို့အား ထိုရွှေငွေများကပင် ကာယကံရှင်ကို ဒုက္ခပေးတတ်သေးလျှင် လောကုတ္တရာရတနာသည် ထိုထိုလောကီ



ရတနာတို့ထက် အဖက်ဖက်က နှိုင်းယှဉ်၍မရသော ငုပ်ကွယ်နေသည့် တန်ခိုးသတ္တိတို့အပြည့်ရှိနေကြလေသောကြောင့် မရိုသေလျှင် မရိုသေသလောက် ဒုက္ခရောက်စေတတ်ပါသည်။ ထို့ကြောင့် 'ဓာတံ သရဏံ ဂစ္ဆာမိ' ကိုးကွယ်ရာမှ ဘေးမဖြစ်ကြစေရန် သတိတမံ ထားကြရမည်မဟုတ်ပါလော'။

ယနေ့ မျက်မှောက်ခေတ်ကာလ၌ ဘေးကိုကြောက်လန့်ကြခြင်းကြောင့်လည်းကောင်း၊ လာဘ်လာဘ ရစေခြင်းငှာလည်းကောင်း၊ အချို့လည်း ဘာရယ်မဟုတ်ဘဲ ဘုရားခန်းကြီး ဟည်းနေပြီး ရောက်လာကြသူများ၏အထင်ကြီးမှုကို ရရှိစေရန်အလို့ငှာ မြန်မာတစ်ပြည်လုံးက ကျော်ကြားသမျှသော ကိုးကွယ်ရာအားလုံးတို့၏ ပုံမျိုးစုံတို့ကို အခမ်းအနားတစ်ခုပြင်ဆင်ထားသည့်နှယ် ကိုးကွယ်(ချိတ်ဆွဲ) ထားကြလေသည်။

ဝိဇ္ဇာ ဇော်ဂျီ တပသီနှင့် အလီလီသော နတ်ရုပ်တုတို့သည် ထိုက်သင့်သော ဣဒ္ဓိပါဒ်များ ထင်ရှားရှိနေသည်ဟုဆိုပါလျှင် ဘုရားရှင်နှင့် တစ်တန်းတည်းထား၍ ကိုးကွယ်ထားခြင်းကြောင့် ယင်းပုဂ္ဂိုလ်များ စိတ်ချမ်းသာစွာဖြင့် ပူဇော်ခံဝံ့ကြပါမည်လော၊ အထက်အရာရှိကြီး၏ရှေ့ဝယ် မျက်စိလေးကလယ်ကလယ်နှင့် ကြောက်ရွံ့နေရှာသော ဝန်ထမ်းငယ်လေးများကို မြင်တွေ့ဖူးကြလျှင် ထိုကိုးကွယ်ခံအဖြစ်ထားရှိသော ဝိဇ္ဇာ ဇော်ဂျီ တပသီတို့သည်လည်း ဗုဒ္ဓဘုရားရှင်၏ရှေ့တော်မှောက်ဝယ် ဘယ်သို့နေကြလေမည်နည်း။

အချို့အိမ်များ၌ 'ဘုရားက အောက်၊ မျောက်က အထက်' ဟူသော စကားကဲ့သို့ ထင်ရှားသောပုဂ္ဂိုလ်အချို့တို့၏ဓာတ်ပုံတို့ကို ဘုရားရှင်၏အထက်၌ချိတ်ဆွဲထားကြလေသည်။ ယင်းသို့ ပုံရုပ်တု စသည်တို့ကိုဆည်းကပ်ကိုးကွယ်ကြရာ၌ အဂါရဝ (မရိုသေ၊ မလေးစား) ဖြစ်နေလျှင် ကောင်းကျိုးရဖို့ မမြင်ပါ။

ထို့ပြင် ဆင်ခြင်ဖွယ်ရာကောင်းသော ကိစ္စတစ်ခုရှိပါသေးသည်။ ယင်းကား အခြားမဟုတ်ပါ၊ ရုပ်တုပုံတော်တို့ကို အိတ်ကပ်ထဲသို့ထည့်သွင်း၍ ဆောင်ထားကြခြင်းပင် ဖြစ်ပါ၏။ မိမိသည် ဘယ်လိုနေရာတွေကို သွားတတ်၊ လာတတ်၊ ဝင်တတ်၊ ထွက်တတ်သနည်းဟု ပြန်လည်စဉ်းစားကြည့်လျှင် မဖြစ်မနေဝင်သောအခန်းသည် အိမ်သာနှင့်အိပ်ခန်းပင် မဟုတ်ပါလော။

ယင်းသို့သောနေရာမျိုးတို့တွင် ဘုရားရှင်၏ကိုယ်စားတော်ဖြစ်သော ရုပ်တုတော်နှင့် သင့်မသင့် ဉာဏ်ဖြင့်ချင့်ကြည့်ဖို့ လိုအပ်လှပါသည်။ 'ပေါ့စေလိုလို့ ကြောင်ရုပ်ထိုး၊ ဆေးအတွက်လေး'ဟူသော စကားကဲ့သို့ တစ်စုံတစ်ခုသော ကောင်းကျိုးချမ်းသာကို မျှော်လင့်ပါသော်လည်း မသင့်တင့်သောလုပ်ရပ်ကို လုပ်ကိုင်မိခြင်းကြောင့် မကောင်းကျိုးဖြစ်လာလျှင် မိမိတို့အပြစ်ကို မမြင်ကြတော့ဘဲ 'ဘုရားရှင်ကို ကိုးကွယ်ရခြင်းသည်ပင် ခိုက်တတ်သည်'ဟု ထင်ပါက အသင် . . ဘုရားရှင်ကို စော်ကားရာရောက်မနေပြီလော။ စဉ်းစားပါလေ။

ဤ၌ ၁၉၇၉ ခုနှစ် ဧပြီလထုတ် 'သင့်ဘဝမဂ္ဂဇင်း'မှ စာရေးဆရာကြီး 'သိပ္ပံမှူးတင်'၏ 'အိန္ဒိယပြန် ဆင်းတုတော်'ဟူသော မှတ်တမ်းဆောင်းပါးကို ဓမ္မဗဟုသုတ ရကြစေခြင်းငှာ ကောင်းနိုးရာများကို ထုတ်နုတ်၍ သာဓကကောင်း ပြယုဂ်တစ်ခုအဖြစ် တင်ပြလိုပါသည်။

"၁၉၅၀ ပြည့်နှစ်ခန့်က ကျွန်တော်သည် အိန္ဒိယပြည် ကာကီမြို့၌ 'စစ်အင်ဂျင်နီယာကျောင်း'တက်အပြီး မြန်မာပြည်သို့မပြန်မီ တစ်နေ့တွင် ထောင်ထောင်မောင်းမောင်းနှင့် အင်္ဂလိပ်မြန်မာ ကပြားကြီးတစ်ဦးက ကားနှင့်လာခေါ်၍ ကျွန်တော်လိုက်သွားခဲ့ပါသည်။

ကားသည် စစ်အရာရှိရိပ်သာသို့သွားပြီး အိန္ဒိယအင်ဂျင်နီယာဗိုလ်ကြီးတစ်ဦး၏အိမ်ထောင်သည်လိုင်းတစ်ထပ်တိုက်ရှေ့တွင် ရပ်လိုက်



သည်နှင့် ကပြားကြီး၏နောက်မှ ကျွန်တော် ဆင်းလိုက်သွားပါသည်။

လှေကားထစ် လေးငါးထစ်တက်ပြီး ဖိနပ်ချွတ်သို့ရောက်သောအခါ ကျွန်တော်တို့တစ်သက်လုံး ဖူးမြော်ခဲ့၍မှတ်မိနေသော မြန်မာကျောက်ဆင်းတု ဉာဏ်တော် တစ်တောင်သာသာ တစ်ဆူမှာ ဖိနပ်များနှင့်အတူရောထွေးနေပြီး စစ်ဦးထုပ်ကို တစ်စောင်းဆောင်းတော်မူ၍ တုတ်တစ်ချောင်းကိုလည်း ပခုံးထက်၌ထမ်းထားတော်မူသည်ကို အမှတ်တမဲ့ တွေ့လိုက်ရပါသည်။

"အထဲကိုဝင်ပါ။ ဗိုလ်ကြီး"ဟု ထပ်မံဖိတ်ကြားသဖြင့် ဧည့်ခန်းမှဖြတ်ကျော်ပြီး အိပ်ခန်းအတွင်းသို့ရောက်သောအခါ ပိန်ချည့်နေသော နာလန်ထ, စ စစ်ဗိုလ်တစ်ဦး အိပ်ရာထဲ၌ လဲလျောင်းနေသည်ကို တွေ့လိုက်ရပါသည်။

"ဒါ . . အိန္ဒိယ စစ်အင်ဂျင်နီယာ ဗိုလ်ကြီး"ဟု မိတ်ဆက်ပေးပါသည် (နာမည် မမှတ်မိတော့ပါ)။ တစ်ဖန် ကုလားဗိုလ်ကြီးဘက်သို့လှည့်ပြီး "ဒါ. . မြန်မာပြည်အင်ဂျင်နီယာတပ်က သင်တန်းလာတက်တဲ့ဗိုလ်ကြီးတင်မောင်ပါ"ဟု မိတ်ဆက်ပေးသောအခါ ကျွန်တော်တို့ လက်ဆွဲနှုတ်ဆက်ကြပါသည်။ ထို့နောက် ကုလားစစ်ဗိုလ်က "ခင်ဗျားကို ဒီလိုဖိတ်ခေါ်ရတဲ့အကြောင်းကိုတော့ ဟောဒီ မိတ်ဆွေကြီးက ပြောပြပါလိမ့်မယ်"ဟု ဆိုကာ ခေါင်းအုံးပေါ်သို့ အင်အားချည့်နဲ့စွာဖြင့် ပြန်လှဲချလိုက်ပါသည်။

ဒုတိယကမ္ဘာစစ်ကြီးအတွင်း အင်္ဂလိပ်မဟာမိတ်တပ်များသည် မြောက်ဘက်မှဝင်၍ မန္တလေးမြို့ကို တိုက်ခိုက်ကြရာ ဦးစွာ မန္တလေးတောင်ကို သိမ်းကြသည်။ ထို့နောက်မှ မြို့ကိုသိမ်းကြသည်။ မန္တလေးတောင်သိမ်းတပ်သားများထဲမှ အင်္ဂလိပ်စစ်ဗိုလ်တစ်ဦးသည် ကျောက်ဆင်းတုတစ်ဆူကို အမှတ်တရအဖြစ် အိန္ဒိယပြည်အထိ ယူဆောင်သွားလေသည်။

စစ်ပြီး၍ တပ်များဖျက်သိမ်းသောအခါ လူတစ်ကိုယ် ပေါင် ၆၀

သာ လေယာဉ်ဖြင့်တင်ခွင့်ပြုသောကြောင့် ဆင်းတုတော်ကို အင်္ဂလိပ်နိုင်ငံသို့ရောက်အောင် မသယ်ဆောင်နိုင်တော့ဘဲ အိန္ဒိယစစ်ဗိုလ်တို့၏လက်ထဲ၌သာ ထားခဲ့လေသည်။

အိန္ဒိယစစ်ဗိုလ်တို့၏လက်သို့ ရုပ်ပွားဆင်းတုတော်ရောက်သည့်နေ့မှစ၍ စစ်ဗိုလ်တိုင်းမှာ တစ်ခုမဟုတ် တစ်ခု ဒုက္ခရောက်ကြကြောင်း၊ သေသူသေ၊ လင်မယားကွဲသူကွဲ၊ ရာထူးကျသူကျ၊ ကလေး (သားသမီး) သေသူသေ၊ မီးလောင်သူလောင် စသည်ဖြင့် ဒုက္ခအမျိုးမျိုးတွေ့ကြလေရာ နောက်ဆုံး ယခုစစ်ဗိုလ် (ချည့်နဲ့နေသောဗိုလ်) လက်သို့ရောက်ခဲ့ကြောင်း၊ ရောက်သည့်နေ့မှစ၍ တစ်ခုမဟုတ်တစ်ခု 'ခိုက်' နေကြောင်း ကပြားဗိုလ်ကြီးက ရှင်းပြပါသည်။

ဆက်လက်ပြောကြားရာတွင် "ဒီစစ်ဗိုလ် (ချည့်နဲ့နေသောဗိုလ်)က ကျွန်တော့်နဲ့မိတ်ဆွေဗျ။ 'ဒီဆင်းတုတော် တန်ခိုးရှိလို့ ခိုက်တာပဲ' လို့ ကျွန်တော်က သူ့ကိုပြောရတယ်။ အနေကဇာတင်တာတို့ ဘာတို့ကို သူတို့ နားလည်တာမှ မဟုတ်ဘဲ။ ပြီးတော့ သူများ အထွက်အမြတ်ထားပြီး ကိုးကွယ်တဲ့ဆင်းတုတော်ကို သူတို့ဘယ်လိုထားသလဲဆိုတာ အဝင်မှာ ဗိုလ်ကြီး မြင်တာပဲ၊ ဒါကြောင့် ကျွန်တော်ကပြန်ပို့ခိုင်းတော့ 'ပို့မယ်'လို့ ကတိပြုလို့ ဗိုလ်ကြီးတင်မောင်ကို လာခေါ်တာပါ။ အဲဒါ တစ်ဆိတ် ဗိုလ်ကြီး မြန်မာပြည်ကို ပြန်ပင့်နိုင်ရင် ပင့်သွားပေးပါလို့ တောင်းပန်ချင်ပါတယ်"

ကပြား ဗိုလ်ကြီး၏စကား ပြီးဆုံးသွားသောအခါ အားအင်ချည့်နဲ့နေသည့် ကုလားစစ်ဗိုလ်က အိပ်ရာမှအားယူထပြီး အင်္ဂလိပ်ဘာသာဖြင့်–

"ဟုတ်ပါတယ်၊ အစကတော့ မယုံပါဘူး။ ဒီ ဆင်းတုတော် ရောက်ပြီးရင် တစ်ခုမဟုတ် တစ်ခုဖြစ်တယ်လို့ပြောတာသိရက်နဲ့ ကျွန်တော် ယူထားတာပါ။

ရောက်တဲ့နေ့ကစပြီး တစ်ခုမဟုတ် တစ်ခုပဲဗျာ၊ ခု ကျွန်တော်



သေမလောက်ဖြစ်နေတာသာ ကြည့်တော့။ ဒီ မိတ်ဆွေရဲ့ တိုက်တွန်းချက်အရ ဆင်းတုတော်ရဲ့နေရာမှန်ကိုသာ ပြန်ပို့ပေးစေချင်ပါတယ်ခင်ဗျား"ဟု ပြောပါသည်။

အရှေ့တိုင်းမှ အထွတ်အမြတ် ကိုးကွယ်ကြသောရုပ်တုတော်များ၊ လှူဒါန်းပြီးသော ကျောက်မျက်ရတနာများတို့ကို အနောက်တိုင်းမှ တစ်စုံတစ်ရာသောနည်းဖြင့် ရယူပိုင်ဆိုင်ထားကြပါက 'ခိုက်တတ်ကြောင်း' စာပေများတွင် ကျွန်တော်ဖတ်ဖူးခဲ့သော်လည်း ကိုယ်တွေ့မကြုံဖူးပါ။

ယခု ကိုယ်တွေ့မျက်မြင် မြင်တွေ့နေရပါပြီ။ ထို့ကြောင့် ကျွန်တော်လည်း ဆင်းတုတော်ကို ပင့်လာခဲ့ပြီး ကျွန်တော့အခန်းသို့ရောက်သောအခါတွင်မှ ရေသပ္ပာယ်ပြီး ခေါင်းအုံးစွပ်နှင့်ထုပ်ကာ မြန်မာပြည်သို့ ပြန်လည်ပင့်ဆောင်လာခဲ့ရပါသည်။

ယခုမူ ယင်းဆင်းတုတော်သည် မန္တလေးတောင်၏တစ်နေရာတွင် ဆိတ်ငြိမ်စွာ စံတော်မူလျက်ရှိပါသည်။ တစ်နေ့သောအခါတွင် အများပြည်သူ ဖူးမြော်နိုင်ရန် ကမ္ပည်းကျောက်စာရေးထိုး၍ မှတ်တမ်းပြုဖို့ ဆန္ဒရှိပါကြောင်း တင်ပြရပါသတည်း"

ဤမှတ်တမ်းဆောင်းပါးကို သုံးသပ်ကြည့်လျှင် ဗုဒ္ဓဘာသာ မဟုတ်သော နိုင်ငံခြားသားတို့သည် ဗုဒ္ဓရုပ်ပွားတော်ကို 'ဧည့်ကြိုအရုပ်' တစ်ခုအဖြစ်သာ ထားရှိကြောင်း တွေ့ရှိရပါသည်။

ကျွန်ုပ်တို့နိုင်ငံတော်၌ 'ဗုဒ္ဓဘာသာ'ဟု ခံယူထားကြသော အချို့အိမ်များမှာလည်း ဧည့်ခန်း၌ 'ဧည့်ခံဘုရား' လုပ်ထားကြသည်ကို တွေ့ရပါသည်။ ဆွမ်းတော် ပန်းတော်မရှိ။ တစ်အိမ်လုံး (တစ်ဆိုင်လုံး) တွင် မီးခိုးများ တအူအူထနေသည့်အထဲ အမွှေးတိုင်ဟုခေါ်နေကြသော မန်ကျည်းသားအမှုန့်တို့ဖြင့် ရှို့မြိုက်ထားကြ၏။ သင်္ကန်းအရောင်တော်ကလည်း ကျပ်ခိုးရောင်သမ်းနေပြီဖြစ်သော်လည်း ဘုရားရှင်က သည်းခံ၍ သီတင်းသုံးတော်

မူရှာပါ၏။

ကြောင်တစ်ကောင်သောက်၍ပင် မဝလောက်သောရေတစ်ခွက် ဖြင့်လည်း တစ်နေကုန် မျှတ နေတော်မူရ၏။ တစ်ခါတစ်ရံ ငှက်ပျောသီး စသော သစ်သီးစိမ်းများလာရောက်ကပ်လှူထားကြသဖြင့် ဓား မရှိ၍ မဘုဉ်း ပေးရရှာ။

ဗုဒ္ဓဘာသာဟုသိရန် ရုပ်ပွားတော်ကို ဤသို့ကိုးကွယ်ခြင်းထက် အိမ်နံရံမှာ 'ဗုဒ္ဓ'ဟု လည်းကောင်း၊ 'အရဟံ'ဟုလည်းကောင်း ထင်ရှား အောင် (ဗုဒ္ဓဘာသာဟု သိအောင်) ရေးသားထားလိုက်ခြင်းကပင် ကောင်းပေသေး တော့သည်။

ဗုဒ္ဓရုပ်ပွားတော်ကို 'ရှေးဟောင်းဘုရား'ဟု သတ်မှတ်၍ အမြတ် တနိုး ကိုးကွယ်ကြခြင်း၏နောက်ကွယ်၌ 'ကြီးပွားချမ်းသာခြင်းကို ရနိုင် တယ်'ဟူသော တဏှာက ငြိတွယ်နေခြင်းကြောင့် ရုပ်ပွားတော်ကို ဆေး တောင့် တစ်တောင့်ပမာ ရေစိမ်၍တိုက်နေကြသော ဆရာတော်အချို့ကိုပင် တွေ့မြင်ရသဖြင့် သဘောကောင်းသော ဘုရားရှင်ကိုပင် ပို၍ကြည်ညိုမိရ ပါတော့သည်။

အမရပူရမြို့ မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီးသည် ကျောင်း တိုက်အတွင်းရှိ ကျောင်းများအပေါ်ဝယ် ဗုဒ္ဓရုပ်ပွားတော်များကို ထားခွင့်မပြု ပါ။ ဂန္ဓကုဋီ(ဘုရားတိုက်ကျောင်း)တစ်ကျောင်းတည်း၌သာ ကြည်ညိုဖွယ် ရာဖြစ်အောင် ထားရှိစေတော်မူပါသည်။

ရဟန်းသာမဏေငယ်တို့ ကိုယ်အမူအရာ နှုတ်အမူအရာများ မဆင်မခြင်ပြုလုပ်ပြောဆိုမိကြလျှင် ကုသိုလ်ရဖို့ထက် အကုသိုလ်ဖြစ်ဖို့က များဟန်ရှိသောကြောင့် ဤသို့တားမြစ်တော်မူခြင်းဖြစ်ပေလိမ့်မည်။ ထို သံဃာတော်များအားလုံး ဘုရားဝတ်တက်ပြီးသည်နှင့် 'လိုက်ကာ'ကို ပိတ် ခိုင်းလေ့ရှိပါသည်။



ဗုဒ္ဓရုပ်ပွားတော်ကို မလျော်သောကိုးကွယ်နည်းဖြင့် ပူဇော်ထားသူ တို့၏နေအိမ်ကိုကြည့်လျှင် ၎င်းအိမ်သည် ပြောင်မြောက်တိုးတက်မှု ရှိလိမ့် မည်မဟုတ်ပါ။ ထို့ကြောင့် ရုပ်ပွားတော်ကို မပူဇော်လျှင် (အိမ်မှာမထားရှိ လျှင်) ဘာမျှမဖြစ်ပေမယ့် ထားလျှင် ထားသည့်အလျောက် ရှိသေစွာပူဇော် ရသော် ကောင်းကျိုးများကို ရကြမည်ဖြစ်သကဲ့သို့ မရှိသေလျှင် (ရှိသေရာ မရောက်လျှင်) အန္တရာယ်ကိုပွေ့ပိုက်ထားသည်နှင့်တူလှပါပေတော့သည် တကား။

[ကတ္တရာလမ်းမပေါ်၌ ဗုဒ္ဓပုံတော်များကို စုပုံရောင်းချနေသူများ၊ ဗုဒ္ဓရုပ်ပွားပုံတော်များကို ရှေးဟောင်းပစ္စည်း ဟုတ်, မဟုတ် ပြဒါးစိမ်ကြည့် ကြသူများ၊ တံစဉ်းတိုက်ကြည့်ကြသူများ၊ ငရဲမီး(ပန်းတိမ်သုံး)ဖြင့် တို့ကြည့် ကြသူများကို ရုပ်ပွားတော်က ခွင့်လွှတ်သည်းခံမည်သာဖြစ်သော်လည်း ငရဲ က သည်းခံခွင့်လွှတ်မည်မဟုတ်ပါ။ သတိပြုပါလေ]။